**ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# ၂၀၂၁ ခုနှစ် မြန်မာစစ်တပ်မှ အာဏာသိမ်းယူလိုက်သည့်အချိန်မှစပြီး ကော်သူးလေအုပ်ချုပ်နယ်မြေများ၌ (၂) နှစ်တာကာလအတွင်း ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများနှင့် ပတ်သက်သည့် အစီရင်ခံစာထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် ဧပြီလ (၅) ရက်

(ကော်သူးလေ ဧပြီလ (၅) ရက်၊ ၂၀၂၃ ခုနှစ်) ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် "မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများကြောင့် ရှင်သန်မှုပျောက်ဆုံးနေသော လူသားဘဝများ" အစီရင်ခံစာသစ် တစ်စောင်ကို ထုတ်ဝေလိုက်ပါသည်။ ဤအစီရင်ခံစာသည် အာဏာသိမ်းစစ်ကောင်စီတပ်များ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှုထောင့်ပေါင်းစုံမှ ပြုစုထားသော အစီရင်ခံစာတစ်ခုဖြစ်သည်။ ဤအစီရင်ခံစာတွင်ပါရှိသော အချက်အလက်များနှင့် လေ့လာဆန်းစစ်ချက်များသည် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ကေအဲန်ယူ၏ လူ့အခွင့်အရေးကော်မတီ၊ နိုင်ငံခြားရေးဌာန နှင့် စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန၏ ဌာနခွဲဖြစ်သော သုတေသနနှင့် မှတ်တမ်းဌာနခွဲတို့မှ ပူးပေါင်း၍ သုတေသနလုပ် ရေးသားပြုစုထားခြင်း ဖြစ်သည်။

ဤအစီရင်ခံစာကို ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအဆင့် ကေအဲန်ယူအရာရှိ၊ ဝန်ထမ်းများမှ အဆင့်ဆင့်ပေးပို့လာသော အချက်အလက်များ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဗဟိုဌာနချုပ်၏ နေ့စဉ်ပြုစုသော မှတ်တမ်းအချက်အလက်များ၊ ကရင့်အရပ်ဖက်အဖွဲ့အစည်းများမှ ပေးပို့လာသော သတင်းအချက်အလက်များနှင့်တကွ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုယ်တိုင်ကြုံတွေ့ ခံစားခဲ့ရသော ဒေသခံ ပြည်သူလူထုများ ဖြေဆိုထားသည့် အင်တာဗျူးများမှ စုစည်းရရှိလာသော သက်သေအထောက်အထားများအပေါ် အခြေခံ၍ ရေးသားပြုစု ထားခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ ဤအစီရင်ခံစာအတွင်း အဓိက တွေ့ရှိရသော တွေ့ရှိချက်များမှာ

- ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေအတွင်း တိုက်ပွဲပေါင်း (၇၅၈၇) ကြိမ်ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူလူထုပေါင်း ၃၆၅,၁၈၇ ထက်မနည်း အိုးအိမ်များအားစွန့်ခွာပြီး အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

- အာဏာသိမ်းစစ်ကောင်စီသည် “ဖြတ်လေးဖြတ်” နည်းဗျူဟာကို အသုံးပြုပြီး ဒီမိုကရေစီအရေးလှုပ်ရှားသူများသာမက ပြည်သူလူထုပါမကျန် တိုက်ခိုက်ဖြိုခွင်းခဲ့သည်။
- အတင်းအဓမ္မခိုင်းစေခြင်း၊ အကြောင်းမဲ့ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ဖမ်းဆီး သတ်ဖြတ်ခြင်း၊ ဖမ်းဆီးငွေတောင်းခံခြင်း၊ အရပ်သားများကို လူသားဒိုင်းအဖြစ်အသုံးပြုခြင်း၊ ပြည်သူလူထု များ၏ နေအိမ်များအားဖျက်ဆီးခြင်း၊ နေအိမ်များအားမီးရှို့ခြင်း၊ ပြည်သူပိုင်ပစ္စည်းဥစ္စာ များအားခိုးယူခြင်းများအပါဝင် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားပေါင်း(၁၉) မျိုးကို ကျူးလွန်ခဲ့သည်။
- အာဏာသိမ်းစစ်ကောင်စီတပ်များသည် ပြည်သူလူထုများအား ပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိ လေကြောင်းဖြင့်အကြိမ်ရေ (၂၃၀) တိုက်ခိုက်ခဲ့ရာ လူနေအိမ်ပေါင်း (၁၈၃) လုံးပျက်စီးခဲ့ရပြီး ပြည်သူလူထု (၂၂) ဦးခန့် အသက်သေဆုံးခဲ့ရသည်။
- အာဏာသိမ်းစစ်ကောင်စီတပ်များသည် ပြည်သူလူထုများအား ပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု အကြိမ်ရေပေါင်း (၇၅၈) ကျူးလွန်းခဲ့ရာ လူနေအိမ်ပေါင်း (၂၂၇) လုံးပျက်စီးခဲ့ရပြီး ပြည်သူလူထု (၁၂၀) ဦးခန့် အသက်သေဆုံးခဲ့ရသည်။

“ကျတော်တို့ မြေပြင်ကနေတိုက်ရိုက်ကောက်ယူစုဆောင်းရရှိတဲ့ သတင်းအချက်အလက်တွေ၊ သက်သေ အထောက်အထားတွေအရ ကော်သူးလေ ကေအဲန်ယူ– အုပ်ချုပ်နယ်မြေမှာနေထိုင်တဲ့ ပြည်သူတွေ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးက ပြည်သူတွေ နေ့စဉ်နဲ့အမျှ ရင်ဆိုင် ကြုံတွေ့နေရတဲ့ အကြမ်းဖက်သတ်ဖြတ်ခံရမှုတွေ၊ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းတွေဟာ အရေးပေါ်အခြေနေ ကိုရောက်ရှိနေတယ်ဆိုတာရယ်၊ ထိရောက်တဲ့ အရေးယူ ဆောင်ရွက်မှုတွေ အမြန်ဆုံးလိုအပ် နေတယ်ဆိုတာကို အဓိကမီးမောင်းထိုးပြောလိုတာဖြစ်ပါတယ်” ဟု ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး အထွေထွေ အတွင်းရေးမှူး ၂ ပဒိုစောလှထွန်းမှ ဆိုသည်။

ပြည်သူလူထုများကို ပစ်မှတ်ထားတိုက်ခိုက်သည့် တိုက်ခိုက်မှုများသည် လူ့သားထုအပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုဖြစ်သည့်အတွက် ပြည်သူအများအတွက် တရားမျှတမှုရရှိစေကာ မြန်မာစစ်တပ်ကိုင်းတို့၏ ကျူးလွန်မှုအတွက် တာဝန်ခံစေရမည်ဖြစ်သည် ဟုလည်း ပဒိုစောလှထွန်းမှ ဆက်လက်ပြောကြားခဲ့သည်။

ဤအစီရင်ခံစာတွင် ကုလသမဂ္ဂအဖွဲ့အစည်း၊ ထိုင်းနိုင်ငံ၊ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား မြန်မာပြည်သူလူထုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို အထိရောက်ဆုံးနည်းလမ်းများဖြင့် အမြန်ဆုံး တားဆီးကာကွယ်ပေးရန်၊ တရားမျှတမှုကို ဆောင်ကျဉ်း ပေးရန်နှင့် ညှိနှိုင်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စင်္ကြန်များ (negotiated humanitarian corridors) ကိုထားရှိနိုင်ရေး၊ ထိုနေရာများတွင် ပိတ်ပင် တားဆီးခြင်းမရှိပဲ နယ်စပ်ဖြတ်ကျော်ကာ (သို့မဟုတ်) နိုင်ငံတွင်း အဓိကကျသော နေရာများမှတဆင့် အကူအညီပေးရေး အဖွဲ့အစည်းများအနေနှင့် အလိုအပ်ဆုံးဖြစ်သော နေရာများကို သွားရောက်ပံ့ပိုးခွင့်ရရေးအတွက် တိုက်တွန်းထားပါသည်။

**ဆက်သွယ်ရန်**


နော်ဖောဂေခူ +၆၆ (၀)၈၇၂-၁၁၃-၀၃၅

Sophie +၆၆ (၀)၈၀၂–၂၈၀–၉၉၆


ဤအစီအရင်ခံစာအပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ထပ်မံကောက်ခံရရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များကို ဖော်ပြထားသော ကေအဲန်ယူ–ကရင် အမျိုးသားအစည်းအရုံး၏ တရားဝင်ဝဘ်ဆိုဒ်တွင် ဒေါင်းလုပ်ရယူနိုင်ပါသည်။ https://www.knuhq.org/public/en/publish

**KNU – Karen National Union**
**Headquarters**
**Kawthoolei**
**ww.knuhq.org**

**A New Report on Human Rights Violations in Kawthoolei over the Last 2 Years Since the Myanmar Military Seized power in 2021**

April 5, 2023

(KAWTHOOLEI - April 3, 2023) -- The Karen National Union is launching a new report, "Myanmar Military's War Crimes in Kawthoolei: Loss of Lives and Livelihoods after the Coup of 2021." The report is the most comprehensive account to date of human rights violations committed by the Myanmar military in Kawthoolei —the areas of eastern Myanmar under the KNU's administration— since its attempted coup on Feb. 1, 2021 through to Dec. 31, 2022. Data and analysis in this report is based on research and collaboration between the KNU's Human Rights Committee, Department of Foreign Affairs, and the Research and Documentation Branch of the Department of Organizing and Information as guided by the KNU's Central Executive Committee.

The 88-page report, available in Burmese with an executive summary in English (links below), is based on daily updates from the Karen National Liberation Army-Headquarters (KNLA-HQ), data supplied by KNU's district, township and village-level administrators as well as from Karen civil society organizations (CSOs) plus evidence collected through extensive interviews with residents impacted by human rights violations. The interviews were jointly conducted by the KNU's Human Rights Committee together with district and township leaders throughout the year.

Among key findings of the report are the following atrocities committed by the Myanmar military in Kawthoolei between February 2021 and December 2022.

- a total of 7,587 clashes across the seven districts under KNU administration, which drove at least 365,187 people out of their homes
- indiscriminate attacks against pro-democracy movements under the military's notorious "four cuts" strategy
- 19 types of human rights violations, including forced labor, arbitrary arrests, tortures and killings, extortion, using civilians as human shields, looting and burning of private and public properties